# WLB, HREIB, NY-Forum, ABSFU-FAC, AKSYU

**ရှစ်လေးလုံးဒီမိုကရေစီအရေးတော်ပုံကြီး အနှစ် (၂၀)ပြည့်နေ့ သဘောထားထုတ်ပြန်ကြေညာချက်**
**ရက်စွဲ – (၇) ရက်၊ ဩဂုတ်လ၊ ၂၀၀၈ ခုနှစ်**

မြန်မာနိုင်ငံအတွင်း တိုင်းရင်းသားပေါင်းစုံပြည်သူတရပ်လုံး၏ ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးများအား ဆိတ်သုဉ်းစေလျက် စစ်ဝါဒီခေါင်း ဆောင်အုပ်စုမှ ၂၆ နှစ်ကြာ အာဏာသိမ်းဖိနှိပ်အုပ်ချုပ်လာခဲ့သော မဆလတစ်ပါတီစစ်အာဏာရှင်စနစ်အား မြန်မာသိ၊ ကမ္ဘာသိ တိုင်းရင်းသား လူမျိုးပေါင်းစုံ၊ ဆန့်ကျင်အုံကြွ တိုက်ပွဲဝင်ခဲ့ကြသော ရှစ်လေးလုံးဒီမိုကရေစီအရေးတော်ပုံကြီးမှာ ယနေ့ဆိုလျှင် အနှစ် (၂၀)တင်းတင်း ပြည့်မြောက်ခဲ့ပြီ ဖြစ်ပါသည်။

အရေးတော်ပုံကြီး၏ အောင်ပွဲရလာဒ်အဖြစ် ၂၆ နှစ်ကြာ ပြည်သူတရပ်လုံးအပေါ် ဗိုလ်ကျအုပ်စိုးခဲ့သော စစ်ဝါဒီ ဗိုလ်နေဝင်း၏ မဆလ အစိုးရကို ပြုတ်ကျစေခဲ့ပါသည်။ မဆလစစ်ဝါဒီများ၏ ရက်စက်စွာ ပစ်ခတ်သတ်ဖြတ် ဖိနှိပ်ခဲ့မှုများအကြားမှ ဒီမိုကရေစီနှင့် လူ့အခွင့်အရေး မျှော်လင့်ချက်ရောင်ခြည်အဖြစ် လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် တိုင်းရင်းသားခေါင်းဆောင်များ၊ ကျောင်းသားခေါင်းဆောင်များ၊ ဒီမိုကရေစီရေး ခေါင်းဆောင်များ၊ အလွှာပေါင်းစုံ သမဂ္ဂများ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အပါအဝင် နိုင်ငံရေးပါတီများ၊ ၁၉၉၀ ခုနှစ် လူထု၏ဆန္ဒ အစစ်အမှန် ရွေးကောက်ပွဲရလာဒ်နှင့် ပြည်သူ့ကိုယ်စားလှယ်များကို ရရှိ တွေ့မြင် ခဲ့ကြရပါသည်။

အရေးတော်ပုံကြီးမှ အနှစ် (၂၀) ကာလအတွင်း ဗိုလ်နေဝင်းမှ တကျော့ပြန် မွေးထုတ်ခဲ့သည့် နဝတ၊ နအဖစစ်အာဏာရှင်စနစ် ဖိနှိပ်မှု အောက်တွင် ပြည်သူတရပ်လုံး၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးစသည့် ကဏ္ဍအသီးသီးတို့မှာ မည်သည့်ခေတ်ကာလနှင့်မျှမတူ ကမ္ဘာ့အလယ်တွင် အရုပ်ဆိုး အကျည်းတန်ခဲ့ရပါသည်။ အရေးတော်ပုံကြီး၏ အသီးအပွင့်ဖြစ်သော ၉၀ ခုနှစ်ရွေးကောက်ပွဲရလာဒ်အား စစ်အုပ်စုမှ ဖျက်ဆီးပစ်ရန် အကြိမ်ကြိမ် အကောက်ကြံ လျှက်ရှိသည်။ နိုင်ငံရေး ပါတီများ၊ အဖွဲ့အစည်းများအား အကြောင်းအမျိုးမျိုးပြ ဖျက်သိမ်းပစ်ခဲ့သည်။ လူထုခေါင်းဆောင်၊ တိုင်းရင်းသား ခေါင်းဆောင်၊ ကျောင်းသား ခေါင်းဆောင်များနှင့် ဒီမိုကရေစီရေးလှုပ်ရှားဆောင်ရွက်သူများအား စွပ်စွဲချက်အမျိုးမျိုး ပုဒ်မအမျိုးမျိုးတပ်လျှက် နှစ်ရှည် ဖမ်းဆီးထောင်ချခဲ့သည်။ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းအများအကြား အကြပ်ကိုင် အပစ်ရပ်စေလျက် သွေးခွဲဖြိုခွဲမှုများ၊ တိုင်းရင်းသား ခေါင်းဆောင်များအား လုပ်ကြံသတ်ဖြတ်မှုများ ပေါ်ပေါက် စေခဲ့သည်။ တိုင်းရင်းသူအမျိုးသမီးများအပေါ် အစာနာစိတ်ကင်းမဲ့စွာ လူမျိုးကြီးဝါဒကျင့်သုံးလျှက် မုဒိမ်းကျင့် စော်ကားသတ်ဖြတ်ခဲ့သည်။ တိုင်းရင်းသားဒေသများမှ ပြည်သူများအား သိန်းသန်း ချီလျှက် တောတောင်များအကြား နယ်စပ်ဒုက္ခသည် စခန်းများအကြားတွင် အကာအကွယ်အစောင့်အရှောက် ကင်းမဲ့စေခဲ့သည်။ နိုင်ငံ၏ သဘာဝသယံဇာတအပါအဝင် စီးပွားရေးလုပ်ငန်းကြီးများ အားလုံးကို စစ်ခေါင်းဆောင်တစ်စုနှင့် ဆွေမျိုးသားချင်းများမှ လက်ဝါးကြီးအုပ် ချယ်လှယ်အကျိုး ခံစားခဲ့ကြပြီး စစ်အာဏာရှင်ယန္တရား ခိုင်ခံ့ရေးအတွက် မတရား အသုံးပြုခဲ့ကြသည်။

ရှစ်လေးလုံးအရေးတော်ပုံကြီး၏ အနှစ် (၂၀) ပြည့် ယနေ့ကာလအခြေအနေသည် အပြောင်းအလဲကာလတရပ်အတွင်းသို့ ရောက်ရှိနေသည့် အခြေအနေ ဖြစ်ပါသည်။ နအဖစစ်အုပ်စုသည် အမျိုးသားပြန်လည်သင့်မြတ်ရေးကို ကျောခိုင်းလျှက် စစ်အာဏာရှင်စနစ် သက်ဆိုးရှည်ရေး ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေကို တရားမဝင် ရေးဆွဲခဲ့သည်။ ဆိုးဝါးပြင်းထန်လှသည့် နာဂစ်မုန်တိုင်းဒဏ်သင့်ပြည်သူများ၊ မုန်တိုင်းအတွက် ပူဆွေးသောကရောက်နေရသော ပြည်သူများနှင့် ကမ္ဘာ့ အဖွဲ့အစည်းအသီးသီး၊ ကမ္ဘာ့ပြည်သူအသီးသီး၏ မြန်မာနိုင်ငံမုန်တိုင်းအတွက် စာနာထောက်ပံ့ ကူညီမှုများအပေါ် စာနာသနားစိတ်ကင်းမဲ့စွာ လျစ်လျူရှုပစ်ပယ်ကာ ဆန္ဒခံယူပွဲကို ခြိမ်းခြောက်အကြပ်ကိုင်ပြုလုပ်ပြီး မိမိသဘောဖြင့် ဇွတ်အတည်ပြုခဲ့သည်။ ဆက်လက်၍ ၂၀၁၀ ခုနှစ်တွင် ရွေးကောက်ပွဲကျင်းပ၍၎င်းတို့ စိတ်တိုင်းကျ လွှတ်တော်ခေါ်ယူကာ စစ်အာဏာရှင်စနစ် သက်ဆိုးရှည်ရေး ဖွဲ့စည်းပုံအခြေခံဥပဒေကို အသက်သွင်းနိုင်ရန် အကောက်ကြံလျှက်ရှိနေပါသည်။

ရှစ်လေးလုံးဒီမိုကရေစီအရေးတော်ပုံကြီး၏ အောင်ပွဲရလာဒ်ဖြစ်သော ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲရလဒ်ကို ဖျက်သိမ်းပစ်မည့်၊ နိုင်ငံသား အခွင့်အရေး၊ ဒီမိုကရေစီအခွင့်အရေးနှင့် လူ့အခွင့်အရေးများကို အာမ မခံထားသည့်၊ တိုင်းရင်းသားလူမျိုးစုများ၏ တန်းတူခွင့်နှင့် စစ်မှန်သော ပြည်ထောင်စုပေါ်ထွန်းခွင့်ကို အာမ မခံထားသည့်၊ စစ်အာဏာရှင်တစုမှ နိုင်ငံ့အာဏာနှင့် နိုင်ငံ့စီးပွားရေးအကျိုးရလာဒ်အားလုံးကို လက်ဝါးကြီးအုပ် သိမ်းပိုက်ခွင့်ပြုမည့် ဖွဲ့စည်းပုံအခြေခံဥပဒေတရပ် အသက်ဝင်မလာရေးမှာ ဒီမိုကရေစီရေး၊ ငြိမ်းချမ်းရေးနှင့် စစ်မှန်သော ပြည်ထောင်စုအရေးကို လိုလားသောအင်အားစုအသီးသီးနှင့် တိုင်းရင်းသားပေါင်းစုံ ပြည်သူ လူထုကြီးတရပ်လုံး၏ ကြီးမားသောတာဝန်ဖြစ်ပါသည်။

စစ်အာဏာရှင်စနစ်ကို အကုန်အစင်မဖျက်သိမ်းနိုင်ဘဲ မြန်မာနိုင်ငံ၏ ဒီမိုကရေစီအခွင့်အရေး၊ ငြိမ်းချမ်းရေး၊ စစ်မှန်သောပြည်ထောင်စု ပေါ်ထွန်းရေး အပါအဝင် အခွင့်အရေးအသီးသီးမှာ ပျောက်ဆုံးကင်းမဲ့နေမည်သာ ဖြစ်ပါသည်။ သို့ပါ၍ ယနေ့ကာလတွင် စစ်အာဏာရှင်စနစ် ဖျက်သိမ်း ရေးအတွက် ရှစ်လေးလုံး ဒီမိုကရေစီအရေးတော်ပုံကြီး၏ စိတ်ဓါတ်ကို စွဲကိုင်၊ အရေးတော်ပုံကြီးအတွင်း အားနည်းချက်များကို သင်ခန်းစာရယူကာ အင်အားစုအသီးသီးမှ အမျိုးသား ညီညွတ်ရေးကို တည်ဆောက်လျှက် တိုင်းရင်းသားပြည်သူလူထုကြီးတရပ်လုံးအား စည်းရုံးဦးဆောင်သွားနိုင်မည့် လူထုတိုက်ပွဲတရပ်ဖော်ထုတ်သွားနိုင်မည့် လက်တွေ့ကျသည့် ဗျူဟာနှင့် ဘုံလုပ်ငန်းစဉ် အမြန်ပေါ်ထွက်လာရေးအတွက် အရေးတကြီးလိုအပ်လျှက် ရှိပြီဖြစ်ပါသည်။ မိမိတို့အနေဖြင့် ရှစ်လေးလုံးဒီမိုကရေစီရေး တိုက်ပွဲတွင်းအပါအဝင် မြန်မာပြည်ဒီမိုကရေစီရေးတိုက်ပွဲကာလတလျှောက် ကျဆုံးခဲ့သော သူရဲကောင်းအပေါင်းအား ဦးညွှတ်ဂုဏ်ပြုလျှက် မပြီးဆုံးသေးသော စစ်အာဏာရှင်စနစ်ဖျက်သိမ်းရေးတိုက်ပွဲကြီးအား ဒီမိုကရေစီအင်အားစုအသီးသီး၊ တိုင်းရင်းသားပေါင်းစုံပြည်သူလူထုကြီးတရပ်လုံးနှင့်အတူ လက်တွဲလျှက် လုံ့လစိုက် အားထုတ်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

**ရှစ်လေးလုံးဒီမိုကရေစီအရေးတော်ပုံစိတ်ဓါတ် အစွန့်ရှည်ပါစေ**
**စစ်အာဏာရှင်စနစ် မုချကျဆုံးရမည်**
**မြန်မာနိုင်ငံ ဒီမိုကရေစီရေး၊ ငြိမ်းချမ်းရေး၊ စစ်မှန်သော ပြည်ထောင်စုကြီးပေါ်ထွန်းရေးတိုက်ပွဲ အမြန်ဆုံးအောင်ပွဲခံရမည်**